## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၂၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၁.၂၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၇-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၄၃ ဦး တက်ရောက်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူစုစုပေါင်း ၇၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၅၀ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘငွေး ခွင့် ၁ ရက်၊

(၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၄) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၅) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၆) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၈) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၉) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၁၀) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၁၁) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၁၂) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၃) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၁၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၁၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၇) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၁၉) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၂၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၂၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၂၂) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၂၃) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၂၄) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၂၅) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၁ ရက်၊

(၂၆) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၈) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၂၉) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ငွေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်၏ဒေသအချို့တွင် ကျူးလွန်နေကြသော မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊ လောင်းကစားခြင်း၊ KTV၊ အနှိပ်ခန်းများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအခါ နိုင်ငံတော်၏အချို့သောဒေသများတွင် နေ့ခင်းပိုင်းများ၌ အတင်းအဓမ္မ လုယက်ခြင်းအပါအဝင် အခြားဒုစရိုက်မှုအမျိုးမျိုး ကျူးလွန်နေကြကြောင်း ကြားသိနေရပါတယ်။ အဆိုပါ ဒုစရိုက်မှုအမျိုးမျိုး ကျူးလွန်နေကြခြင်းသည် ယနေ့လူငယ်များပျက်စီးလွယ်သော အရက် သေစာနှင့်မူးယစ်ဆေးဝါးအမျိုးမျိုး အလွယ်တကူဝယ်ယူသုံးစွဲနိုင်သည့် အခွင့်အရေးကြောင့်များလား။ လောင်းကစားဒိုင်များပေါ်များနေလို့ အလွယ်တကူလောင်းကစားမှုဆောင်ရွက်နိုင်သည့် အခွင့်အရေး များရှိနေကြလို့လား။ KTV နှင့် အနှိပ်ခန်းများပေါ်များနေလို့ အလွယ်တကူဖိမ်ခံဆောင်ရွက်နိုင်တဲ့ အခြေအနေတွေကြောင့်လားဆိုတဲ့ သံသယဖြစ်ဖွယ်များဖြစ်ပေါ်နေပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ဒေသအချို့တွင် ကျူးလွန်ဆောင်ရွက်နေကြသော မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်ခြင်းများ၊ လောင်းကစားဒိုင်များ၊ KTV နှင့် အနှိပ်ခန်းများရှိနေသည်ကို သက်ဆိုင်ရာ ဒေသအသီးသီးရှိ တာဝန်ရှိသူများက အမှန်တကယ်သိရှိခြင်းရှိ/မရှိ သို့မဟုတ် သိရှိလျက်နဲ့ မည်သည့် အတွက် ဖမ်းဆီးအရေးယူခြင်းမပြုပါသနည်း။ ဖမ်းဆီးအရေးယူမှုရှိခဲ့လျှင် မည်သည့်အတွက်ကျန်ရှိနေ ပါသနည်း။ ကျန်ရှိနေသည့်ဒုစရိုက်လုပ်ငန်းများနှင့် တာဝန်ရှိသူများ အပတ်စဉ်ကြေး၊ လစဉ်ကြေး၊ လိုင်းကြေးများ တရားမဝင်အပေးအယူရှိနေခြင်းရှိ/မရှိ။ ရှိခဲ့လျှင် အရေးယူမှုဘယ်နှစ်မှုရှိခဲ့သည်။ သက်ဆိုင်ရာဒေသအသီးသီးက တာဝန်ရှိသူများမှ ဖမ်းဆီးအရေးယူမှုမဆောင်ရွက်သည့် ကိစ္စရပ် များကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် အထက်အဆင့်ဆင့် တာဝန်ရှိသူများထံ တိုင်ကြားခြင်းကြောင့် ဒေသအသီးသီးသို့ အထက်အဆင့်ဆင့်၏ဖမ်းဆီးရေးအဖွဲ့ ရောက်ရှိစဉ်ကာလ တစ်လျှောက်သာ အဆိုပါဒုစရိုက်လုပ်ငန်းများ ခေတ္တခဏရပ်နားထားသည့်ဖြစ်စဉ်များသည် မည်သည့် အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်း တင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ရပ်ရွာအေးချမ်းသာယာ၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်ဆိုတဲ့ လုပ်ငန်းတာဝန်ကြီး လေးရပ်ကိုထမ်းဆောင်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်းဖြစ်ပွားပြီးတဲ့ ပြစ်မှုများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆိုတင်ပို့နိုင်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းကျဆင်းရေးဆောင်ရွက်တဲ့နေရာမှာ နယ်မြေအတွင်းကင်းလှည့်ဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ ပြစ်မှုကျူးလွန်ရန်အလားအလာရှိသူများကိုစောင့်ကြည့်ထိန်းသိမ်းခြင်း၊ ဒုစရိုက်အမှုများဖော်ထုတ်အရေးယူခြင်း၊ ဥပဒေအသိပညာ၊ မှုခင်း အသိပညာပေးမှုများဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်ရရှိရေးဆောင်ရွက်ခြင်း၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်နဲ့ အိမ်တိုင်ရာရောက်ရဲလုပ်ငန်းစနစ်တို့ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် မှုခင်းဖြစ်ပွားရာများပြားသောနေရာများ၊ လူနေထူထပ်သိပ်သည်းသောနေရာများကိုသတ်မှတ်၍ မှုခင်းကင်းမဲ့လ၊ မှုခင်းကင့်မဲ့ရက်သတ္တပတ်အဖြစ် ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းစဉ် ၇ ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဖော်ပြပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ ဒုစရိုက်ကျူးလွန်သူနဲ့အတူ သက်သေခံပစ္စည်းများကို တစ်ပါတည်းဖမ်းဆီးနိုင်မှသာလျှင် ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် သတင်းအခြေအမြစ်က အဓိကအရေးပါလျက်ရှိပါတယ်။ သတင်းများရရှိရေးအတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ဖြင့်သာ အောင်မြင်နိုင်မှာဖြစ်လို့ ပြည်သူများအနေနဲ့လည်း ရဲရဲဝံ့ဝံ့နဲ့ သတင်းပေးကြဖို့အတွက်လည်း ဖိတ်ခေါ်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်ပြီးတော့ အထူးတပ်ဖွဲ့များအဖြစ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို

ဖွဲ့စည်းပြီးတော့ တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်နိုင်သလို နယ်မြေခံရဲတပ်ဖွဲ့မှလည်း စဉ်ဆက်မပြတ်ဖမ်းဆီးအရေးယူမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ၎င်းရဲ့အောက်မှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအဆင့်တွေကို ဖွဲ့စည်းပြီးတော့ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အစိုးရမဟုတ်တဲ့ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီးတော့ မူးယစ်ဆေးဝါးအသိပညာဟောပြောမှုများ ပြည်သူလူထုအသိပညာပေးလှုပ်ရှားမှုများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ပန်းချီ ပြိုင်ပွဲများပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှာရှိတဲ့ ကျောင်းသားကျောင်းသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်မှ ကင်းဝေးစေရေးအတွက်ကို ကျောင်းအခြေပြုပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်မှာရှိတဲ့ ဆိုင်များမှာ မူးယစ်ဆေးဝါး အရက်သေစာများ၊ ဆေးလိပ်နှင့် စီးကရက်များရောင်းချခြင်းမပြုလုပ်ရေးအတွက်ကို တာဝန်ကျဆရာဆရာမများက လိုက်လံစစ်ဆေးခြင်း၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ဆေးခြင်းများကိုလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အုပ်ချုပ်ရေးအဖွဲ့များ၊ အခြားမိတ်ဖွဲ့အဖွဲ့အစည်းများနှင့်လည်း သတင်းရယူပြီးတော့ ၂၀၁၂ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၄၀၀၆ မှု၊ တရားခံပေါင်း ၅၇၄၀ ဦး၊ ၂၀၁၃ ခုနှစ်မှာ မူးယစ်ဆေးဝါးအမှုပေါင်း ၄၉၂၈ မှု၊ တရားခံပေါင်း ၇၁၃၇ ဦး၊ ၂၀၁၄ ခုနှစ်မှာ ဇွန်လ ၂၆ ရက်နေ့အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၉၂၆ မှု တရားခံပေါင်း ၃၉၈၉ ဦး တို့ကိုလည်း ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လောင်းကစားမှုပပျောက်ရေးအတွက်ကို စီမံချက်ရေးဆွဲပြီး စီမံချက်ပါ ကော်မတီငါးရပ်ဖြစ်တဲ့ လောင်းကစားမှုပပျောက်ရေးကြီးကြပ်မှုကော်မတီ၊ လောင်းကစားမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့၊ လောင်းကစားမှုအသိပညာပေးကော်မတီ၊ လောင်းကစားသူများစာရင်း ကောက်ယူရေးကော်မတီနဲ့ လောင်းကစားသူများ စာရင်းကြီးကြပ်ရေးကော်မတီတို့ကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ရပ်/ကျေးအဆင့်အထိကို အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အထက်ဖော်ပြပါ ကော်မတီအဆင့်ဆင့်က စဉ်ဆက်မပြတ်ဆောင်ရွက်ချက်များကို အပတ်စဉ်၊ လစဉ်သုံးသပ်ပြီး လိုအပ်ချက်များကို ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၂ ခုနှစ်အတွင်းမှာ လောင်းကစားမှုပေါင်း ၄၈၅၄ မှု၊ တရားခံပေါင်း ၈၂၉၈ ဦး၊ ၂၀၁၃ ခုနှစ်မှာ လောင်းကစားမှုပေါင်း ၃၆၀၉ မှု၊

တရားခံပေါင်း ၆၉၃၇ ဦး၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်အထိ လောင်းကစားမှုပေါင်း ၁၄၁၅ မှု၊ တရားခံပေါင်း ၃၄၂၀ ဦးတို့လည်း ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကာရာအိုကေ၊ KTV လုပ်ငန်းလိုင်စင်များကို သက်ဆိုင်ရာ ဗွီဒီယိုလုပ်ငန်းစိစစ်ရေးကြီးကြပ်ရေးအဖွဲ့မှ ကော်မတီများမှ စိစစ်ခွင့်ပြုပေးလျက်ရှိပြီးတော့ လိုင်စင်ကိစ္စများလျှောက်ထားရန်အတွက် ဆက်သွယ်ဆောင်ရွက် လာတဲ့အခါမှာ သက်ဆိုင်ရာမြို့နယ် ဗွီဒီယိုအခြေခံအဖွဲ့၊ မြို့နယ်ဂီတအစည်းအရုံး၊ သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်တဲ့အဖွဲ့ဖြင့် လိုင်စင်လျှောက်ထားရာ လုပ်ငန်းနေရာသို့ သွားရောက်ပြီးတော့ ဆိုင်အတွင်း မူးယစ်စေတတ်တဲ့ အဖျော်ယမကာများ၊ မူးယစ်ထုံထိုင်းဖြစ်စေတဲ့ ဆေးဝါးများ ရောင်းချခြင်း၊ သောက်သုံးခြင်း၊ သုံးစွဲခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ဆိုင်၏အနီးပတ်ဝန်းကျင် ကိုအနှောင့်အယှက်ဖြစ်စေမှုရှိ/မရှိနဲ့ လုံခြုံမှုရှိ/မရှိစစ်ဆေးခြင်း၊ ကာရာအိုကေသီဆိုခန်းများအတွင်း စားပွဲထိုးနှင့် အကူသီဆိုဖျော်ဖြေရန် အမျိုးသမီးများထားရှိခြင်းရှိ/မရှိစစ်ဆေးခြင်း၊ သတ်မှတ် စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ ဖောက်ဖျက်ကျူးလွန်ပါက ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေတို့အရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ကတိပြုလက်မှတ်ရေးထိုးခြင်း များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဖွင့်လှစ်ခွင့်လိုင်စင်ရရှိတဲ့ ဆိုင်များအနေနဲ့လည်း စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်လုပ်ကိုင်ခြင်းရှိ/မရှိနှင့် သတ်မှတ်ချိန်အတွင်းသာ ဖွင့်လှစ်လုပ်ကိုင်ခြင်းရှိ/မရှိတို့ကို သက်ဆိုင်ရာနယ်မြေရဲစခန်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များဖြင့် ရှောင်တခင်ဝင်ရောက် စစ်ဆေးခြင်းများပြုလုပ်လျက်ရှိပြီး လိုင်စင်စည်းကမ်းနှင့်ညီညွတ်မှုမရှိတဲ့ ကာရာအိုကေဆိုင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းစစ်ဆေးပြီး သတိပေးခြင်း၊ အရေးယူခြင်းများကိုလည်း ဆောင်ရွက် လျက်ရှိပါတယ်။ မြို့နယ်များမှာ အနှိပ်ခန်းများကို မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်းများမှ တရားဝင်လုပ်ငန်းလိုင်စင် ဆောင်ရွက်ပေးထားခြင်းမရှိတဲ့အတွက် တရားမဝင်ပြုလုပ်ကြောင်း သတင်း ရရှိပါက အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်းပြီးတော့ ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အနှိပ်ခန်းများနှင့်စပ်လျဉ်းပြီး အမြဲမပြတ်ဖမ်းဆီးအရေးယူလျက် ရှိရာ KTV များနှင့် အလှပြင်ဆိုင်များက လုပ်ငန်းများကို ဗန်းပြပြီး အနှိပ်ခန်းများအဖြစ် ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိမှုအပေါ်အခြေခံ၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာ KTV လုပ်ငန်းကိုဗန်းပြပြီး အနှိပ်ခန်းများဆောင် ရွက်လျက်ရှိနေမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးရရှိမှုမရှိဘဲ ၂၀၁၃ ခုနှစ်အတွင်းမှာ KTV အမှုပေါင်း ၂၅ မှု၊

တရားခံပေါင်း ၈၄ ဦး၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့အထိ KTV အမှုပေါင်း ၁၁ မှု၊ တရားခံပေါင်း ၂၃ ဦး၊ အနှိပ်ခန်းနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်အတွင်းမှာ အမှုပေါင်း ၆၁ မှု တရားခံပေါင်း ၅၁၁ ဦး၊ ၂၀၁၃ ခုနှစ်အတွင်းမှာ အမှုပေါင်း ၇၈ မှု၊ တရားခံပေါင်း ၇၉၀ ဦး၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့အထိ အနှိပ်ခန်းအမှုပေါင်း ၆၆ မှု၊ တရားခံပေါင်း ၄၂၄ ဦးတို့ကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

မူးယစ်ဆေးဝါးအပါအဝင် ဒုစရိုက်မှုဖြင့် အသက်မွေးဝမ်းကြောင်းပြုနေထိုင်သူများက ထင်ထင်ပေါ်ပေါ်လုပ်ကိုင်ခြင်းမရှိဘဲ လျှို့ဝှက်တဲ့ နည်းလမ်းမျိုးစုံအသုံးပြုပြီး လုပ်ဆောင်နေကြောင်း၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်လာသည်နှင့်အမျှ ၎င်းတို့ ကျင်လည်ကျက်စားရာ နယ်မြေအတွင်းကို လူစိမ်းဝင်ရောက်လာသည်နှင့် ဒုစရိုက်လုပ်ငန်းများနှင့်ပတ်သက်တဲ့ သက်သေခံအထောက်အထားများကိုလည်း အချိန်တိုအတွင်း ဖျောက်ဖျက်နိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်းကိုလည်း ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်များအရသိရှိရပါတယ်။ သို့ဖြစ်ရာ အထက်အဆင့်ဆင့် တာဝန်ရှိသူများထံ တိုင်ကြားခြင်းကြောင့် ဒေသအသီးသီးကို ဖမ်းဆီးရေးအဖွဲ့များ ရောက်ရှိစဉ်ကာလမှာ ဒုစရိုက်မှုများပြုလုပ်သူ၊ တိုင်ကြားခြင်းခံရသူနှင့် ကျော်ဇောသတင်းရှိသူများက ဒေသမှ တိမ်းရှောင်သွားခြင်းကြောင့်လည်းကောင်း၊ လုံလောက်တဲ့ သက်သေခံအထောက်အထား တစ်စုံတစ်ရာ ရှာဖွေမှုမရတဲ့အတွက်လည်းကောင်း ဖမ်းဆီးရမိအရေးယူနိုင်ခြင်းမရှိကြောင်းလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တာဝန်ဝတ္တရားဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ တရားဥပဒေများကို လေးစားလိုက်နာရေး၊ အဂတိတရားလေးပါးကင်းရှင်းရေး၊ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားမပြုရေး၊ အမိန့်နှင့်တာဝန်ကို လွန်ကဲစွာ စီမံခန့်ခွဲမှုမပြုရေးတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ အဂတိလိုက်စားကြောင်းတွေ့ရှိပါက တိုင်ကြားနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီး ရဲတပ်မှူးရုံးများမှာရှိတဲ့ Hot Line ဖုန်းနံပါတ်များကို မြန်မာ့အသံ၊ သတင်းစာနှင့် ဂျာနယ်များမှာ ကြော်ငြာထားရှိဆောင်ရွက်လျက်ရှိပါတယ်။ ဒုစရိုက်ကျူးလွန်သူများနဲ့ အခြားသူများထံမှ ငွေကြေး၊ တံစိုးလက်ဆောင်တောင်းယူပြီး အဂတိလိုက်စားတဲ့ တပ်ဖွဲ့ဝင်များကို ၁၉၉၅ ခုနှစ် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၈ အရလည်းကောင်း၊

ဦးစီးဌာနဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရလည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဒုစရိုက်မှုများဖမ်းဆီးရာမှာ အပိုင်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များကိုသာ ပုံအပ်တာဝန်ပေးအပ်ထားခြင်းမျိုးမဟုတ်ဘဲ အခြားနယ်မြေများမှ တပ်ဖွဲ့ဝင်များ၊ အထူးအဖွဲ့များမှ နယ်မြေကျော်ဖမ်းဆီးစေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နယ်မြေအတွင်းမှာ အခြားနယ်မြေအဖွဲ့အစည်းများမှလာရောက်ဖမ်းဆီးခံရပါက နယ်မြေခံ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းများနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များကို တာဝန်ပျက်ကွက်မှုဖြင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူအပြစ်ပေးဆောင်ရွက်လျက်ရှိပါတယ်။

မြို့နယ်အလိုက် မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်ခြင်းများ၊ လောင်းကစားမှုများ၊ တရားမဝင်အန္တိပ်ခန်းများ၊ စည်းကမ်းနဲ့ မညီညွတ်တဲ့ ကာရာအိုကေဆိုင်များ မရရှိစေရေးအတွက်ကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် သတင်းလက်ဦးမှုရရှိရေးဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အပတ်စဉ်ကြေး၊ လစဉ်ကြေး၊ လိုင်းကြေးများ တောင်းခံခြင်းမရှိဘဲ ဥပဒေစည်းမျဉ်း၊ စည်းကမ်းအရသာ အရေးယူကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးရယူပြီး ဖမ်းဆီးအရေးယူခြင်းမရှိဘဲပြုလုပ်နေကြောင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် တိုင်ကြားလို့ စစ်ဆေးပေါ်ပေါက်ပါက ပါဝင်ပတ်သက်တဲ့ ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းများကို တည်ဆဲဥပဒေ၊ ဌာနဆိုင်ရာဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒုစရိုက်မှုများ ကင်းစင်ပပျောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများကပါ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ) အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းအား မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားသွားမှုဟာ သတင်းရရှိဖို့အတွက် ပြည်သူ့ဗဟိုပြု ပြည်သူတို့ကိုဖိတ်ခေါ်ပြီးတော့ သတင်းရရှိဖို့ဆိုတဲ့အချက်ကလေးပါသွားတာတွေ့ရပါတယ်။ အဲဒီလို ပြည်သူကိုဖိတ်ခေါ်ပြီးတော့ သတင်းပေးပို့တဲ့ ပြည်သူကို

မဆိုထားနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များ အခုလို လွှတ်တော်မှာ မေးခွန်းမေးမြန်းလို့ သက်ဆိုင်ရာ ဒေသအသီးသီးမှာ ဖမ်းဆီးတယ်ဆိုလို့ရှိရင် ကျွန်တော်တို့က မဖမ်းချင်ပါဘူး။ ကိုယ်စားလှယ်တွေက တင်ပြလို့ဖမ်းရပါတယ်ဆိုတဲ့ ကျွန်တော်တို့တတွေရဲ့ စည်းလုံးရေးပျက်ပြားစေတဲ့ အပြုအမူအပြော အဆိုတွေကို အောက်ခြေအဖွဲ့အစည်းများက ဆောင်ရွက်နေတာသိရှိပါသလား။ ဒါတစ်ချက်ဖြစ်ပါ တယ်။ တိုင်ကြားသူတို့အတွက် ပြည်သူတွေက သတင်းပေးပို့တင်ပြတိုင်ကြားတဲ့အခါ မှာ သူတို့အတွက် လျှို့ဝှက်ထားမှု ဘယ်လိုဆောင်ရွက်ထားပါသလဲ။ ဘယ်လိုကာကွယ်မှုမျိုးပေးထားပါလဲဆိုတာ သိရှိ လိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ် ကြီး ပြန်လည်မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော်ပြန်လည်ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးက ကျွန်တော် ခုနက ဖြေဆိုတဲ့ထဲမှာ ပါပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒီလိုလောင်းကစားမှုတွေ နောက်မူးယစ်ဆေးဝါးမှုတွေ၊ နောက် အနှိပ်ခန်း၊ KTV နဲ့ပတ်သက်ပြီးတော့ ပါဝင်ပတ်သက်မှုများရှိရင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ကျွန်တော်တို့ သက်ဆိုင်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်များကို အချိန်မရွေးတိုင်ကြားနိုင်တယ်လို့ ပန်ကြားပြီးဖြစ်ပါ တယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတဲ့အထဲမှာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ သတင်းပေးလို့ လာဖမ်းရပါတယ်ဆိုတဲ့ သတင်းမျိုးရမယ်ဆိုရင်လည်း ကျွန်တော်တို့ ရမယ်ဆိုရင်လည်း ရတယ်ဆိုရင်လည်း ဒီတပ်ဖွဲ့ဝင်များကို ကျွန်တော်တို့ ထိထိရောက်ရောက်အရေးယူ မှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ ပါဝင်ပတ်သက်လို့ ရဲတပ်ဖွဲ့များကို ၂၀၁၂ ခုနှစ်အတွင်းမှာဆိုရင် အမှုပေါင်း ၈၉ မှုမှာ ပါဝင်ပတ်သက်လို့ ၁၁၃ ဦးကို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ၂၀၁၃ ခုနှစ်အတွင်းမှာလည်း အရာရှိ ၁၆၆ ဦးနဲ့ အခြားအဆင့် ၆၂ ဦး ဖမ်းဆီးခဲ့ပါတယ်။ တပ်ဖွဲ့ဝင် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်တဲ့အတွက် အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ ၂၀၁၄ ခုနှစ် ကျွန်တော်တို့ မနေ့ကအထိ ဇွန်လ ၂၆ ရက်နေ့အထိဆိုရင် အမှုပေါင်း ၁၉ မှုမှာ ပါဝင် ပတ်သက်တဲ့ အရာရှိ ၃၉ ဦးနဲ့ အခြားအဆင့် ၂၇ ဦး စုစုပေါင်း အရာရှိ ၄၃၃ ဦးနဲ့ အခြားအဆင့် ၂၁၂ ဦးကို ဖော်ထုတ်ပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကိစ္စမျိုးပေါ်ပေါက်လာရင် ခုနက တင်ပြသလိုပဲ ပြည်သူဗဟိုပြုတဲ့ ရဲလုပ်ငန်းစနစ်ဖြစ်တဲ့

**မူကြမ်း**

အတွက် ပြည်သူကို အဓိကထားပြီးတော့ဆောင်ရွက်ရတဲ့ ရဲလုပ်ငန်းဖြစ်တဲ့အတွက် ဒီလိုဆောင်ရွက်သတင်းပေးမှုအပေါ် ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာကြိုဆိုပြီးတော့ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုပါဝင်ပတ်သက်တဲ့ တာဝန်ရှိသူများကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အင်္ဂပူမြို့နယ် မီးသတ်တပ်ဖွဲ့ဝန်ထမ်းများအတွက် နေအိမ်လိုင်းခန်းများ ဆောက်လုပ်ပေးနိုင်မှုရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမောင်မောင်စိုး၊ အင်္ဂပူမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(အင်္ဂပူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာပထမဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်မေးခဲ့သော မေးခွန်းမှ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး၏ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ဖြေကြားချက်အရ အင်္ဂပူမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းအတွက် ၃ ယူနစ်အဆင့်ဖွဲ့စည်းပုံနှင့်အတူ မီးသတ်ကားအသစ်တစ်စီး ချထားပေးမည်ဟုဖြေကြားခဲ့ရာ ယခုမီးသတ်ကားအသစ်တစ်စီးရောက်ရှိလာပြီဖြစ်လို့ အင်္ဂပူမြို့နယ်မိဘပြည်သူအပေါင်းမှာ ဝမ်းပမ်းတသာဖြစ်နေကြရပါတယ်။ သို့ပါသော်လည်း အင်္ဂပူမြို့နယ်မီးသတ်တပ်ဖွဲ့ဝန်ထမ်းများ၏ နေအိမ်လိုင်းခန်းများသည် လမ်းမကြီးဘေးတွင်ရှိပြီးတော့ လိုင်းခန်းများမှ သစ်သား၊ ထရံကာများဖြင့် တည်ဆောက်ထားပြီး ပျက်စီးယိုယွင်းနေပါသဖြင့် တည်ရှိပြီးမြေနေရာမူလအကျယ် ၅၁ ပေ၊ ၂၉ ပေ မြေကွက်အား နှစ်ထပ် RC လိုင်းခန်း ဆောက်လုပ်ပေးနိုင်မှုရှိ/မရှိ သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော

ညွှန်ကြားချက်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော် ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်မှာ ဦးစီးအရာရှိ ဦးစီးအင်အားကိုးဦးပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးရုံးတစ်ရုံးနဲ့ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား ၂၈ ဦး၊ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ စုစုပေါင်း မီးသတ်ယာဉ်လေးစီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်းတစ်ခန်းတို့ဖြင့် တာဝန်ချထားသွားနိုင်ရန် ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ လက်ရှိ အင်္ဂပူမြို့နယ်မီးသတ်စခန်းမှာ ဒုတိယမီးသတ်ဦးစီးမှူးတစ်ဦး၊ မီးသတ် တပ်ကြပ်ကြီးငါးဦး၊ မီးသတ်ဒုတိယတပ်ကြပ်လေးဦး၊ မီးသတ်တပ်သားနှစ်ဦး စုစုပေါင်း ၁၂ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၈၄၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိနေပါတယ်။ အင်္ဂပူမြို့နယ် မီးသတ်စခန်းဟာ အင်္ဂပူမြို့အမှတ် (၂) ရပ်ကွက်၊ ဦးပိုင်အမှတ် (၆)၊ မြေအကျယ် ဝ.၁၃၅ ဧကပေါ်မှာ တည်ရှိပြီးတော့ အလျား ၃ဝ ပေ၊ အနံ ၃ဝ ပေ၊ အမြင့် ၃ဝ ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း မီးသတ်စခန်း နှစ်ထပ်အဆောက်အဦ တစ်လုံး၊ အလျား ၃ဝ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၄ ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းအရာရှိနေအိမ်တစ်လုံး၊ အလျား ၃၇ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၁ ပေ သွပ်/သက်ငယ်မိုး၊ ထရံကာ၊ ဝါး/ပျဉ်းခင်း သုံးခန်းတွဲ ယာယီဝန်ထမ်း လိုင်းခန်းတစ်လုံး၊ အလျား ၁ဝ ပေ၊ အနံ ၁ဝ ပေ၊ အမြင့် ၁၂ ပေ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းလုံးချင်းနေအိမ်တစ်လုံးတို့ လက်ရှိ တည်ရှိလျက်ရှိပါတယ်။

မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးအနက် မီးသတ်စခန်းအဆောက်အဦအပေါ်ထပ်မှာ မီးသတ်တပ်ကြပ် ကြီးနှစ်ဦး၊ မီးသတ်ဒုတိယတပ်ကြပ် သုံးဦး၊ မီးသတ်တပ်သားနှစ်ဦး စုစုပေါင်း ခုနစ်ဦး၊ အရာရှိနေအိမ် မှာဒုတိယမီးသတ်ဦးစီးမှူးတစ်ဦး၊ သုံးခန်းတွဲ ယာယီလိုင်းခန်းမှာ မီးသတ်တပ်ကြပ်ကြီးသုံးဦး၊ အလျား ၁ဝ ပေ၊ အနံ ၁ဝ ပေ၊ အမြင့်၁၂ ပေ လုံးချင်းနေအိမ်မှာ မီးသတ်ဒုတိယတပ်ကြပ်တစ်ဦးတို့ နေထိုင် လျက်ရှိနေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ မီးသတ်ဦးစီးဌာနများရဲ့ ဘဏ္ဍာရန်ပုံငွေများ ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များကို ဘဏ္ဍာရန်ပုံငွေ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ရာ သက်ဆိုင်ရာ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်များဖြင့် ဆောက်လုပ်ရေး ဘဏ္ဍာရန်ပုံငွေများကို ချထားပေးလျက်ရှိရာမှာ ၂၀၁၄-၂၀၁၅၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာန ဘဏ္ဍာရန်ပုံငွေမှာ အဆိုပါ အင်္ဂပူမြို့နယ် မီးသတ်စခန်းအတွက်

အဆောက်အဦများ ဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေချထားပေးခြင်းမရှိပါသဖြင့် အဆောက်အဦများ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘိုကလေးမြို့ပေါ်တွင် လျှပ်စစ်လမ်းမီးများရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်း၊ ဘိုကလေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘိုကလေးမြို့ပေါ်ရှိ လမ်းမကြီးများ လျှပ်စစ်လမ်းမီးများလင်းရေးနှင့်စပ်လျဉ်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဘိုကလေးမြို့မှာ လျှပ်စစ်လမ်းမီးများ ကောင်းစွာမလင်းခဲ့သည်မှာ ၂၀၀၆ ခုနှစ်မှစ၍ ယနေ့တိုင်ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံဆွေးနွေးရာမှာ နွေရာသီတွင် လျှပ်စစ်ဓာတ်အားမပြည့်မီသဖြင့် မီးသီး၊ မီးချောင်းများမကြာခဏ ကျွမ်းခြင်းနှင့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် မြို့ပေါ်ရှိလမ်းမီးကြိုးများ ပျက်စီးဆုံးရှုံးမှုကို နေရာတော်တော်များများမှာ ပြန်လည်သွယ်တန်းတပ်ဆင်နိုင်ခြင်း မရှိသေးသည့်အတွက် လမ်းမီးတိုင်ပေါင်း ၁၄၀၀ ခန့်ရှိသည့်အနက် ၁၀၀ ခန့်သာ လမ်းမီးများလင်းကြောင်း သိရှိရပါတယ်။ ယခုအခါမှာ လျှပ်စစ်ဓာတ်အား သင့်တင့်စွာရရှိလာပြီဖြစ်ပြီး မိုးရာသီမှာ ဓာတ်အားများ ပိုမိုရရှိလာမည်ဖြစ်သဖြင့် မြို့လည်နှင့်ဆင်ခြေဖုန်းရပ်ကွက်များရှိ လမ်းမကြီးများအားလုံး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် မြို့နေပြည်သူများက လိုလားတောင်းတလျက်ရှိကြောင်းနှင့် လမ်းမီးခွန်များပေးဆောင်နေရပြီး လမ်းမီးများမလာကြောင်း ဆွေးနွေးတင်ပြကြပါတယ်။ သို့ပါ၍ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့်လုံခြုံရေးကိစ္စရပ်များကို များစွာအထောက်အကူပြုသည့် လျှပ်စစ်လမ်းမီးများ လျင်မြန်စွာထွန်းညှိနိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေးဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးပြည်ပကို သွားရောက်ဖို့ခရီးစဉ်ရှိနေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်ကိုယ်တိုင်တက်ရောက်ပြီးတော့ ဝန်ကြီးကိုယ်စား ဖြေကြားခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်လိုတိုရှင်း အချိန်ကို လေးစားသောအားဖြင့် တင်ပြရမယ်ဆိုရင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ မြို့စည်ပင်သာယာရေးနယ်နိမိတ်ထဲမှာ လမ်းမီးထွန်းတဲ့ကိစ္စတွေဟာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာ စည်ပင်သာယာအဖွဲ့အစည်းနဲ့ ညှိနှိုင်းပြီးတော့ ဒါဆောင်ရွက်ရမယ့် ကိစ္စများသာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ သီးခြားဝင်ရောက်ပြီးတော့ စွက်ဖက်ဆောင်ရွက်ခြင်းမပြုပါဘူး။ အဓိကကတော့ မီးပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းကိုသာလျှင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မီးပေးခြင်း၊ မပေးခြင်း ကိစ္စမှာသာလျှင် ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုတင်ပြသွားတဲ့ကိစ္စတွေကို မီးရှိနေပြီးတော့ လမ်းမီးမလင်းတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဓိကအချက်ကတော့ သက်ဆိုင်ရာ ဘိုကလေးမြို့ပေါ်မှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့အစည်းနဲ့သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှာရှိတဲ့ အစိုးရအဖွဲ့အစည်းအသီးသီးက ဦးစားပေးအစီအစဉ်နဲ့ လမ်းတွေ၊ ရပ်ကွက်တွေကို ဦးစားပေးအစီအစဉ်နဲ့ စရိတ်ကျခံပြီးတော့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုကျခံလိုက်တဲ့အတွက်ကြောင့်မို့လည်း သက်ဆိုင်ရာလျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ဓာတ်အားခပြန်လည်ပေးဆောင်ရတဲ့ အဖွဲ့အစည်းကလည်း စည်ပင်သာယာရေးအဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘိုကလေးမြို့အတွက် တစ်ခုတင်ပြလိုတာကတော့ ဓာတ်အားလိုင်းကရှိပြီးဖြစ်ပါတယ်။ ရှိပြီးတဲ့ဓာတ်အားလိုင်းမှာ တကယ်လို့ဖြည့်စွက်ပြီးတော့ တပ်ဆင်ပေးဖို့အတွက် လမ်းမီးအတွက်ကြိုးတစ်ကြိုး ထပ်တင်ပေးရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီနှစ်ဖြည့်စွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့ ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးသွား ပါ

မယ်။ ကျန်တဲ့လျှပ်စစ်ပစ္စည်း အသုံးအဆောင်ကို လမ်းမီးလင်းတဲ့၊ လဲတဲ့ကိစ္စများကိုတော့ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့အစည်းနဲ့ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာရှိကြတဲ့ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများအသီးသီးမှာ အနီးကပ်တင်ပြပြီးတော့ ဦးစားပေးအစီအစဉ်နဲ့ရဖို့ ညှိနှိုင်းဆောင်ရွက် ကြပါလို့ တင်ပြရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒီရေတောများနှင့် သန္တာကျောက်တန်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများနှင့် သန္တာကျောက်တန်းတို့သည် ဆူနာမီကဲ့သော ရေလှိုင်းဒဏ်နှင့် ဆိုက်ကလုန်းမုန်းတိုင်းကျရောက်မှု အန္တရာယ်များကို တားဆီးရာတွင် ထိရောက်သော သဘာဝအကာအကွယ်များဖြစ်ပါတယ်။ ထို့အပြင် ဇီဝမျိုးစိတ်များ ပျက်သုဉ်းပျောက်ကွယ်မှုမှ တားဆီးကာကွယ်ရန်ဖြစ်သကဲ့သို့ အဆိုပါဒီရေတောများရှိခြင်းကြောင့် ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေးဘဝများကို အထောက်အကူဖြစ်စေခြင်းနှင့် ဒီရေတောမှ လူသုံးကုန်နှင့် စက်သုံးကုန်များကို ထုတ်လွှတ်နိုင်ရေးအတွက်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပါတယ်။ ယခုအခါမှာ နိုင်ငံတော်စီပွားဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရန် အထူးစီးပွားရေးဇုန်များကို စီမံကိန်းများအလိုက် ကမ်းရိုးတန်းဒေသများအပါအဝင် ကမ်းအနီးနှင့် ကမ်းလွန်ကျွန်းစုများအပေါ်တွေမှာ တည်ဆောက်ပြီး လုပ်ငန်းများဆောင်ရွက်ကြမည့်အနေအထားသို့ ရောက်ရှိနေပါတယ်။ ဖော်ပြပါ စက်မှုဇုန်များရှိ စက်ရုံများမှ လေထုညစ်ညမ်းသော မီးခိုးငွေ့များ၊ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိတ်အောက်ဆိုဒ်နှင့် အမိုးနီးယား ဓာတ်ငွေ့များအပြင် ဆိုင်ရာနိုက် စသည်တို့ ထွက်ရှိလာမည်ဖြစ်ပြီး ရေဆိုးများနှင့် ဖိတ်စင်ကျန်ရစ်မည့် ရေနံနှင့် ဓာတုဗေဒပစ္စည်းများသည် မြေအောက်ရေနှင့် စိမ့်ဝင်ရောနှောသည့်အတွက်ကြောင့် ရေထုကိုပါ ညစ်ညမ်းစေမည်ဖြစ်ပါတယ်။ စက်မှုဇုန်များ၏ ကုန်ထုတ်လုပ်ငန်းများတွင် သဘာဝရေဂါလံ သန်းပေါင်းများစွာ အသုံးပြုရန်လိုအပ်မည်ဖြစ်၍ ဒေသခံပြည်သူများအတွက် သောက်သုံးရေရှားပါးမှုနှင့် ငါးဖမ်းလုပ်ငန်းများအထိပါ ဆိုးကျိုးများရရှိမည်ဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ မြန်မာ့ကမ်းရိုးတန်း

တစ်လျှောက်ရှိ ဒီရေတောနှင့် သန္တာကျောက်တန်းများမှ စည်းကမ်းမဲ့ ငါးဖမ်းခြင်းနှင့် သစ်ခုတ်ခြင်းတို့ကြောင့် နှစ်စဉ်ပျက်ဆီးဆုံးရှုံးရာခိုင်နှုန်း မြင့်တက်လျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါဒီရေတောများ ထိန်းသိမ်းရေးကို ဂျပန်နိုင်ငံအကူအညီဖြင့် ၂၀၁၃-၂၀၁၇ ခုနှစ်အထိ လေးနှစ်ကြာ အစီအစဉ် ချမှတ်ဆောင်ရွက်နေသော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းများရှိ မြို့နယ်များတွင် ထိန်းသိမ်းနိုင်မှုမရှိဘဲ လစ်ဟာနေသည်ကို တွေ့ရှိရပါတယ်။ မြို့နယ်အလိုက် ဒီရေတောများ ပြန်လည်ဖြစ်တည်လာနေလျက်ရှိသော်လည်းပဲ ထိန်းသိမ်းမှုအစီအမံများ ကင်းလျက်ရှိနေပါ၍ သဘာဝအလျှောက် ပေါက်ဖွားရှင်သန်လျက်ရှိသော ငါး၊ ပုစွန်၊ ရေသယံဇာတပစ္စည်းများ ဆုံးရှုံးနေပြီဖြစ်ပါတယ်။ သို့ပါ၍ အဆိုပါမြန်မာ့သယံဇာတအဖိုးတန်များဖြစ်သော ဒီရေတောနှင့် သန္တာကျောက်တန်းများကို အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးတို့ကိုရှေးရှု၍ မည်သို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်မှုရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းဒေသ အဝန်းအဝိုင်းအတွင်းမှာ မိုင်ပေါင်း ၁၇၅၀ ရှိတဲ့ ကမ်းရိုးတန်းနှင့် အရေအတွက်များစွာရှိတဲ့ ကျွန်းစုများ၊ နောက် မြစ်ဝကျွန်းပေါ်ဒေသစတဲ့ ပထဝီမြေတည်ရှိမှုအရ ကမ်းရိုးတန်းဂေဟစနစ်နဲ့ ဒီရေတောဂေဟစနစ်တွေဟာ ကျွန်တော်တို့နိုင်ငံအတွက် အထူးကောင်းမွန်တဲ့ဒေသဖြစ်ပါတယ်။ အဲ့ဒီလိုဒေသထဲမှာပဲ ကျွန်တော်တို့က သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ်များဟာလည်း အပါအဝင်ပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ၂၀၁၀ ခုနှစ် FAO မှထုတ်တဲ့ World Atlas of Mangrove မှာ ကျွန်တော်တို့ရဲ့ ဒီရေတောတည်ရှိမှုအပေါ်မူတည်ပြီးတော့မှ ကမ္ဘာရဲ့ သတ္တမမြောက် ဒီရေတော အများဆုံးနိုင်ငံအဖြစ်လည်း သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ ဒီ့အပြင် သန္တာကျောက်တန်းများနဲ့ပတ်သက်လို့

လည်း ကျွန်တော်တို့အများစုဟာ မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း ၈၀၀ ကျော်ခန့်နှင့်ဖွဲ့စည်းသွားပြီး မြေပြင်ဧရိယာ ၄၈၂၆ စတုရန်းမိုင် ရှိပါတယ်။ အဲ့ဒီမှာရှိတဲ့ သန္တာကျောက်တန်း ဧရိယာ ၆၅၆ စတုရန်းမိုင်ကို ယနေ့အထိ ကျွန်တော်တို့က ထိခိုက်မှုအနည်းဆုံးနဲ့ သန္တာကျောက်တန်းဂေဟစနစ် အဖြစ်နဲ့ ကမ္ဘာကအသိအမှတ်ပြုထားရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့ရဲ့ သစ်တော မူဝါဒ၊ နောက် ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဥပဒေ ဒါတွေနဲ့အညီ ဒီရေတောနှင့် သန္တာကျောက်တန်းများကို ကျွန်တော်တို့ စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပါတယ်။

နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၊ နောက်တစ်ခါ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ဒါတွေနဲ့အညီလည်း ကျွန်တော်တို့ နှစ်စဉ်လုပ်ငန်းစဉ်များ ချမှတ်ပြီးတော့ စနစ်တကျကာကွယ်ထိန်းသိမ်းပြုစုပျိုးထောင်လျက်ရှိပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီရေတောများကို ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းခြင်း၊ သဘာဝနယ်မြေများအဖြစ် ဖွဲ့စည်းကာ ထိန်းသိမ်းကာကွယ် လျက်လည်းရှိပါတယ်။ အခုချိန်အထိ ဒီရေ တော ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောပေါင်း စုစုပေါင်း ၁၃ ခု ဧရိယာပေါင်း ၈၃၉၉၈၀ ဧကကို ကျွန်တော်တို့ ထူထောင်ထားရှိသလို ဒီရေတောဂေဟစနစ်နဲ့ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ် မြက်ခင်းဂေဟစနစ်များပါဝင်တဲ့ သဘာဝနယ်မြေ လေးခုကိုလည်း ကာကွယ်ထားရှိလျက်ရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ဝန်ကြီးဌာနအပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ (JICA) နှင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သလို ၂၀၁၃-၂၀၁၄ ကနေပြီးတော့မှ ဆက်လက်ပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ အဲ့ဒီဟာတော့ ကျွန်တော်တို့ ဒီရေတောဧက ၂၈၅၂ ဧက စိုက်ပျိုးတည်ထောင်ခြင်း၊ မုန်တိုင်းဒဏ်ခံ Shatter များတည်ဆောက်ခြင်း၊ ဒီရေတောအုပ်ချုပ်လုပ်ကိုင် မှုစီမံချက်များရေးဆွဲခြင်းစတဲ့ ဒီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း စတဲ့ မုတ္တမပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ ဒီရေတောများနှင့် နာဂစ်မုန်တိုင်းအပြီးမှာ ထပ်မံ ပေါ်ပေါက်လာတဲ့ ဒီရေတောများကို စနစ်တကျ ကွင်းဆင်းတိုင်းတာပြီး ဧရိယာပေါင်း ဧက ၃၀၀၀ ကို ထပ်မံတိုးချဲ့တည်ထောင်မှု ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်းဒေသကြီးမှာလည်း

အခုနက ကျွန်တော်တို့ အဖွဲ့အစည်းများဖြစ်တဲ့ Oikos၊ FFI စတဲ့အဖွဲ့အစည်းများနဲ့ တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။

ကမ်းရိုးတန်းဒေသစနစ်နဲ့ ဆက်စပ်ပြီးတော့မှ တောင်တန်းဒေသများရှိ သဘာဝဂေဟစနစ်များအားလုံးကို ခြုံငုံပြီး ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်ပြီးတော့မှ သန္တာကျောက်တန်းမှသည် တောင်တန်းဒေသအထိ ပါဝင်မယ့် စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များဖြစ်တဲ့ Reef to Ridge Approach ကိုလည်း ဒေသခံပြည်သူများရဲ့ လူနေမှုစီးပွားရေးဘဝတိုးတက်ရေးနဲ့ဆက်စပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီရေတောများ၊ သန္တာကျောက်တန်းများကို ထာဝစဉ်ထိန်းသိမ်းနိုင်ရေးအတွက် လုပ်ငန်းအစီအမံများကို မူဝါဒဥပဒေများနှင့်အညီ ရေးဆွဲပြီးတော့မှ အကောင်အထည်ဖော်သလို ဒီရေတောဌာနခွဲတစ်ခုကို တည်ထောင်ဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် ဒီရေတောဥပဒေကို ရေးဆွဲပြီးတော့မှ လုပ်ငန်းစဉ်များကို ထပ်မံပြီးချမှတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့အခါမှာ အခုနက တင်ပြပါကမ်းရိုးတန်းဒေသများ၊ ကျွန်းစုများအပါအဝင် ထိစပ်နေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ဒီရေတောခရိုင်နဲ့ မြို့နယ်ရုံးခွဲများကို ဖွင့်လှစ်ပြီးတော့မှ ဒီရေတောနှင့် သန္တာကျောက်တန်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သစ်ပင်များကို ခိုးထုတ်၊ ခိုးလှဲပါက ချက်ချင်းစီရင်ချက်ချမှတ်ရသည့် ဥပဒေပြင်ဆင်ရေးဆွဲရန် ရှိ/မရှိနှင့် နယ်စပ်ဒေသများ၌ သစ်ခိုးမှု၊ ရောင်းဝယ်မှုတို့ကို ဟန့်တားနိုင်ရန်အတွက် လုံခြုံရေးတိုးမြှင့်ပေးနိုင်မှု ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ် ကိုယ်စား ဦးသန်းစိုး သာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ဝမ်းတွင်းမဲဆန္ဒနယ် ဦးသန်းမြင့်၏ ကိုယ်စား သစ်တောရေးရာနဲ့ပတ်သက်လို့ မေးခွန်းတစ်ခုမေးမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၅၀ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၅၀ ရာခိုင်နှုန်းရှိ

ခဲ့ရာ မှ ၁၉၉၀ မှ ၂၀၁၀ ပြည့်နှစ်ကာလကြား၌ သစ်တောဖုံးလွှမ်းမှုဧရိယာ ၂၅ ရာခိုင်နှုန်းအထိ ထိုးကျသွားခဲ့ပါတယ်။ အတားအဆီးမဲ့သစ်တောများ ခုတ်လှဲရာတွင် အပင်ငယ်များပါမကျန် အပြောင်ရှင်းစနစ်ဖြင့် ခုတ်လှဲခြင်း၊ ရှင်သန်ပြီးအပင်များမှာ ရာသီဥတုဖောက်ပြန်မှု၊ မိုးခေါင်ရေရှားမှုကြောင့် ဧကကိုးသိန်းကျော် နှစ်စဉ်ပျက်ဆီးနေရကြောင်း သိရှိရပါတယ်။ ဥတုရာသီတောကိုမှီ ဆိုတဲ့စကားအတိုင်း သစ်တောများ စိမ်းလန်းစိုပြေရေးသည် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါတယ်ခင်ဗျား။ သို့ပါ၍ (၁) ရာသီဥတုနှင့် ကိုက်ညီသောဒေသများ၌ မျိုးဆက်သစ် ရတနာတန်းဝင်သစ်ပင်များ အစားထိုးစိုက်ပျိုးနိုင်ခြင်း စံမံချက်များရှိ/မရှိ။ (၂) သစ်ပင်များ ခိုးထုတ်၊ ခိုးလှဲပါက ချက်ချင်းစီရင်ချက် ချမှတ်နိုင်သည့်ဥပဒေမျိုး၊ ထိရောက်မှုရှိသည့်ဥပဒေများ ပြင်ဆင်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိ။ (၃) နယ်စပ်ဒေသများ၌ သစ်ခိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကျူးလွန်ခြင်းများ ဟန့်တားကာကွယ်နိုင်ရန်အတွက် လုံခြုံရေးအစီအမံများ တိုးမြှင့်နိုင်မှုရှိ/မရှိတို့ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

[ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ် ကိုယ်စား ဦးသန်းစိုး သာစည်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာရှိတဲ့ သစ်တောသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့စေရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီဖြစ်စေရေးအတွက် ကျွန်တော်တို့ စနစ်တကျမူဝါဒချမှတ် ဥပဒေများနဲ့ လုပ်ငန်းစဉ်များချမှတ်ကာ အုပ်ချုပ်လုပ်ကိုင်လျက်ရှိပါတယ်။ နိုင်ငံတော်စီမံကိန်းများဖြစ်တဲ့ ဆည်၊ ရေလှောင်တမံ၊ ရေအားလျှပ်စစ်စီမံကိန်းတွေ တည်ထောင်တဲ့အခါမှာ ရေသိုလှောင်ရမယ့် ရေပြင်ဧရိယာအတွက်သာ ခွင်းချက်အနေနဲ့ ကျွန်တော်တို့ ထားရှိပြီးတော့မှ သက်ဆိုင်ရာရေလှောင်ရမယ့် ဆည်၊ တာတမံများ မထိခိုက်စေရေးအတွက် နုန်းထုတ်ရှင်းလင်းဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ထိုနည်းတူပဲ နှစ်ရှည်သီးနှံများကို စိုက်ပျိုးတဲ့အခါမှာ ဥပမာ ဆီအုန်း၊ ရော်ဘာ စတဲ့ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ဒီလိုစိုက်ခင်းတွေ ထူထောင်တဲ့အခါမှာလည်း တစ်ခါတရံမှ သစ်တောမြေမဟုတ်သော်ငြားလည်း

မြေလွတ် မြေရိုင်းများကနေတစ်ဆင့် ခုတ်လှဲထုတ်လုပ်တဲ့အပိုင်းတွေလည်းရှိပါတယ်။ ဒီနေရာ ခုနပြောတဲ့ သစ်တောများ ရှင်းလင်းခံရမှုကို ဒါ ပါဝင်နေခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ဇွန်လ ဒုတိယပတ်လောက်မှာ အမျိုးသားလွှတ်တော်မှာ ရခိုင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များကို ဒီအပြောင်းရှင်းကိစ္စနဲ့ ပတ်သက်လို့ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ ခုနလို သစ်တောတွေ ဖုံးလွှမ်းမှုလျော့နည်းလာရတဲ့အကြောင်းအရင်းတွေကတော့ လူဦးရေတိုးတက်လာတာနဲ့ အမျှ နေရေး၊ စားရေးအတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ အလွန်အကျွံသစ်ထုတ်လုပ်ခြင်း၊ ခုနက ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒီ့အပြင် လူဦးရေတိုးပွားလာတဲ့အတွက် လူမှု စီးပွားရေးဘဝမတိုးတက်တဲ့အတွက် သစ်ထိန်းလိုအပ်ချက်အတွက် သစ်တောများပေါ်မှာ ပိုမိုတည်မှီ လာခြင်း၊ တရားမဝင်ခိုးထုတ်နေသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ နောက်သစ်တော သယံဇာတနဲ့ပတ်သက်လို့ ကျွန်တော်တို့ မကြာခဏဒီမှာတင်ပြလျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော် တို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ငါးနှစ်တစ်ကြိမ် သစ်တောသယံဇာတဖုံးလွှမ်းမှုများကို ဆန်းစစ်ထားပြီး ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၀ ခုနှစ်အထိကို ၁၀ နှစ်တာကာလအတွင်းမှာ သစ်တော ရာခိုင်နှုန်းက ၀.၉၃ ရာခိုင်နှုန်း လျော့နည်းပြုန်းတီးကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီလိုအကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားတဲ့ သစ်တောမြေတွေမှာ တစ်ဖက်ကလည်း သဘာဝတောတွေ ထိန်းသိမ်းသလို တစ်ဖက်ကတော့ စိုက်ခင်းများ စနစ်တကျထူထောင်လျက်ရှိပါ တယ်။ ဒီလိုထူထောင်တဲ့နေရာမှာ စီးပွားရေး၊ စက်မှုကုန်ကြမ်း၊ ရေဝေရေလဲ၊ ကျေးရွာသုံးစတဲ့ အမျိုး အစား လေးမျိုးနဲ့ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သလို တစ်ဖက်က ပုဂ္ဂလိကကဏ္ဍကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူပဲ လူထုပါဝင်တဲ့ သစ်တောကဏ္ဍပြန်လည်ထူထောင် ရေးလုပ်ငန်းများအဖြစ်နဲ့ မိုးရာသီမှာ တစ်နှစ်စာပျိုးပင်ပေါင်း မနှစ်ကဆိုရင် ၆၇.၈၁ သန်းစိုက်ပျိုးခဲ့ပါ တယ်။ ဒီနှစ်အတွက်ဆိုရင် ပျိုးပင်ပေါင်း ၄၆.၇၄ သန်းကို နည်းလမ်းခြောက်သွယ်နဲ့ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးတဲ့အခါမှာ အခုန ကျွန်တော်တို့ နိုင်ငံတော်က စိုက်ပျိုးမယ့်စီးပွားရေး စိုက်ခင်းတွေဖြစ်တဲ့ ကျွန်းနဲ့ ရတနာတန်းဝင်သစ်မျိုးများ ပါဝင်မှာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ မှာ နိုင်ငံပိုင်စီးပွားရေးစိုက်ခင်း ၇၁၀၀ ပါရှိမှာဖြစ်ပါတယ်။ ထိုနည်းတူပဲ ပုဂ္ဂလိကကလည်း စိုက်ခင်းပေါင်း ၁၁၂၇၂ ဧကကို ကျွန်းစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ နောက်

သစ်တောထွက်ပစ္စည်းများကို တရားမဝင်ထုတ်လုပ်ခြင်းနဲ့ပတ်သက်ပြီး တည်ဆဲသစ်တောဥပဒေ ၁၉၉၂၊ သစ်တောနည်းဥပဒေ ၁၉၉၅ တို့အရ ကြပ်မတ်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် ခေတ်စနစ်နဲ့ညီညွတ်စေရေးအတွက် ထိရောက်တဲ့ပြစ်ဒဏ်များချမှတ်ရေးအတွက် လည်း ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်ဥက္ကဋ္ဌကြီးလမ်းညွှန်ချက်အရ ကျွန်တော်တို့ဥပဒေများ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်သစ်ခုတ်လှဲထုတ်လုပ်မှုများအပေါ်မှာ ကျွန်တော်တို့ သစ်တောဦးစီးဌာနက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သလို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့တွေပူးပေါင်းပြီး ကာကွယ်တားဆီးခြင်း၊ စစ်ဆေးခြင်း၊ ဒီ့အပြင် စစ်ကြောင်းများအပြင်နဲ့ နယ်မြေရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်လည်း နယ်မြေလုံခြုံရေးအရ လမ်းပန်းဆက်သွယ်ရေးအခြေအနေခက်ခဲပြီး အုပ်ချုပ်မှုအာဏာ ဥပဒေသက်ရောက်မှုနည်းတဲ့ဒေသတွေမှာ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလို နယ်စပ်ဒေသတွေမှာတော့ တရားမဝင်သစ်များစိစစ်ပြီးတော့မှ ဒီတရားမဝင်သစ်များအပေါ် ကာကွယ်တားဆီးဖို့ကိုလည်း ကျွန်တော်တို့ အစဉ်အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဖြတ်ကျော်ပြီး သစ်ခိုးထုတ်မှု၊ ရောင်းချမှု၊ ဝယ်ယူမှုကျူးလွန်တဲ့ ဟန့်တားကာကွယ်နိုင်ဖို့အတွက် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(လားရှိုး) တိုင်း ၃ တိုင်းအစပ်မှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ကစပြီး ဝန်ကြီးဌာနအစီအစဉ်နဲ့ တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေးကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့အထိ ကျွန်း၊ သစ်မာ၊ အခြားသစ် စုစုပေါင်း ၇၁၃၆.၈၇ တန်ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါဟာ အခုနက ၇၁၃၆.၈၇ တန်ဟာ တိုင်း ၃ တိုင်းအစပ်ပဲဖြစ်ပါတယ်။ ကျန်တဲ့နယ်စပ်ဒေသအပါအဝင် တားဆီး ကာကွယ်တဲ့ လုပ်ငန်းတွေ ကျွန်တော်တို့ ဖော်ပြထားခြင်းမရှိပါဘူး။ ဒီ့အပြင် တပ်မတော်စစ်ကြောင်းများကလည်း ဟန်ချက်ညီညီအလေးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကာ ဖမ်းဆီးပေးတဲ့အတွက် တန်ပေါင်း ၃၇၅၀ ဖော်ပြပါကာလ ဒီနှစ်ပိုင်းအတွင်းမှာ ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်တဲ့နေရာမှာ ကျွန်တော်တို့ဝန်ကြီးဌာနအပြင် ကျွန်တော်တို့နဲ့ ဆက်စပ် အစိုးရအဖွဲ့အစည်းများ ထိုနည်းတူပဲ ကျွန်တော် မကြာခဏတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ဒေသခံပြည်သူများ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ ကျွန်တော်တို့ရဲ့ သဘာဝသစ်တော သယံဇာတတွေကို ထာဝစဉ်တည်တံ့ပြီး အနာဂတ်မျိုးဆက်ကို ကောင်းမွန်တဲ့အမွေ

လွှဲပြောင်းနိုင်ရေးအတွက် စေတနာကောင်းနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘားအံမြို့နယ်၊ နောင်ကမြိုင်ကျေးရွာမှ လယ်မြေဧက ၃၀၀၀ ကျော် ဆုံးရှုံးခဲ့သော ရေဘုတ်ဆည်သည် မည်မျှရင်းနှီးမြှုပ်နှံကုန်ကျခဲ့သည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ကိုယ်စား ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာကိုယ်စား ကျွန်မမေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၇ ခုနှစ်ခန့်က လှိုင်းဘွဲမြို့နယ်၊ ရေဘုတ်ဆည်တည်ဆောက်ရာ၌ ဘားအံမြို့နယ် ကျေးရွာများမှ လယ်သမားများ၏လယ်မြေဧက ၃၀၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ရေဘုတ်ဆည်ရေသောက် လယ်ယာစိုက်ပျိုးရာမှ ဧကအကျိုးပြုမှုများကို မသိရှိ သော်လည်း မိုးတွင်းရေလျှံမှုကြောင့် တာရိုးကိုဖောက်ခဲ့ရပါသည်။ ယမန်နှစ်ကထက် ထိုကဲ့သို့ မိုးရေလျှံမှုကြောင့် တာရိုးကိုဖောက်ဖျက်ခဲ့ရပြီး ထိုရေထိုးအားကြောင့် နောင်ကမြိုင်ကျေးရွာ အနိမ့်ပိုင်းရှိ ရွာသားများ၏ အိမ်မွေး ကြက်၊ ဝက်၊ ဘဲ၊ စပါးကျီများကို ဆုံးရှုံးခဲ့ရပါသည်။ ထို့အပြင် ရေဘုတ်ဆည် အနီးရှိ ထီလုံသစ်တောကြိုးဝိုင်းကို ဒေသခံမဟုတ်သော စီးပွားရေးလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့် ပေးလိုက်ပြန်သဖြင့် လယ်သမားများ၏ လယ်မြေဧကကိုလည်း သိမ်းယူပြန်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာပြည်သူပြည်သားများ၏ဆန္ဒအရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသိရှိလိုပါသည်။ (၁)လယ်မြေ ဧက ၃၀၀၀ ကျော်ဆုံးရှုံးခဲ့သော ထိုရေဘုတ်ဆည်သည် နိုင်ငံတော်မှ မည်မျှရင်းနှီးမြှုပ်နှံမှု ကုန်ကျခဲ့ပါသနည်း။ (၂) ထိုရေဘုတ်ဆည်ကြောင့် ဆည်ရေသောက် စိုက်ပျိုးသီးနှံ မည်မျှ အောင်မြင်ခဲ့ပါသနည်း။ (၃) နစ်နာဆုံးရှုံးသောလယ်သမားများ၏ လယ်ယာမြေကို စိစစ်ပေးခြင်း၊ လုပ်ငန်းပိုင်ရှင်များကို စိစစ်ခြင်းများပြုလုပ်၍ ဒေသခံလယ်သမားများ၏လုပ်ပိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

[ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ကိုယ်စား ထန်ထလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဤဖြေကြားချက်ကို ပြည်နယ်အစိုးရရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားခြင်းဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းတို့ကိုပိတ်၍ တည်ဆောက်ခဲ့သော ရေဘုတ်ရေလှောင်တမံသည် ရေကျနောက်စိုက်လယ်မြေများ အောင်ရေရရှိရေး၊ နွေစပါးနှင့် အခြားသီးနှံ သီးထပ်စိုက်ပျိုးရေးသာမက ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းမှ စီးဆင်းသောရေများကို သိုလှောင်ထားခြင်းဖြင့် လယ်မြေများ မိုးရာသီရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် ရေလှောင်တမံအနီးတဝိုက်ရှိဒေသများ စိမ်းလန်းစိုပြည်မှုရှိလာစေရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။၂၀၁၃ ခုနှစ်တွင် ရေဘုတ်ရေလှောင်တမံကို တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ရန်ပုံငွေကျပ်သန်း ၆၄၂၇.၂၃ ကုန်ကျခဲ့ပါတယ်။ အဆိုပါ ရေလှောင်တမံ တည်ဆောက်ခဲ့ခြင်းဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးရေကျနောက်စိုက် ၅၀၀ ဧက၊ နွေစပါးသီးထပ် ၈၅ ဧက၊ ပဲမျိုးစုံ(သီးထပ်) ၂၀၇ ဧက၊ အစေ့ထုတ်ပြောင်း (သီးထပ်) ၁၆၆ ဧက၊ နွေနှမ်း(သီးထပ်) ၁၅၀ ဧက၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် ၁၁၅ ဧက စုစုပေါင်း ၁၂၂၃ ဧကကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ရေဘုတ်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ယခင်က နွေကာလများတွင် ရေခန်းခြောက်ခဲ့တဲ့ ထီလုံကျေးရွာအုပ်စု၊ သမွာန်ကျေးရွာအုပ်စု၊ သပုထိုကျေးရွာအုပ်စုတို့ရှိ ရေတွင်း၊ ရေကန်များသည် ယခုအခါတွင် ရေခန်းခြောက်ခြင်းမရှိတော့သကဲ့သို့ နွေရာသီ၌ ရေရှားပါးသည့် သပုထိုကျေးရွာအုပ်စုသို့ ရေဘုတ်ရေလှောင်တမံမှ ရေသွယ်၍ သောက်သုံးရေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် တူးမြောင်းပေတိုင်အမှတ် (၁၃၃၀၀)ရှိ ရေကျအဆောက်အအုံတွင် ရေအားလျှပ်စစ်တာဘိုင် ၁၀ ကီလိုဝပ်တပ်ဆင်၍ သမွာန်ကျေးရွာအုပ်စုသို့ ရေအားလျှပ်စစ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရေဘုတ်ရေလှောင်တမံ ရေဝေ

ရေလဲဇရိယာအတွင်း ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် သစ်ပင်မျိုးစုံ စိုက်ပျိုးပေးလျက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲမျိုးစုံ ထိန်းသိမ်းမှုကို အထောက်အကူပြုလျက်ရှိပါတယ်။ ရေလှောင်တမံအတွင်း မျိုးငါးစိုက်ထည့်ပေးသဖြင့် ပေါက်ဖွားကြီးပြင်းလာသည့်ငါးများသည် ဆည်ရေနှင့်အတူ ရေလှောင်တမံပြင်ပရှိ လယ်မြေနှင့် ချောင်း၊ မြောင်းများသို့ ပြန့်နှံ့ရောက်ရှိခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ ဝမ်းရေးရိက္ခာကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဘုတ်ရေလှောင်တမံရဲ့ ရေဝပ်ဇရိယာအတွင်း ကျရောက်သည့် ဇရိယာ ၂၉၀၀ ဧကအပေါ် စိစစ်ချက်အရ ထီလုံကျေးရွာအုပ်စုနှင့် သပုထိုကျေးရွာအုပ်စုတို့မှ စပါးစိုက်လယ်မြေ ၂၈၀ ဧက၊ လယ်လုပ်မြေ ၆၅၆ ဧက၊ ဥယျာဉ်ခြံမြေ ၁၅ ဧက၊ မြေရိုင်းတောရိုင်းမြေ ၁၃၁၂ ဧက၊ စိုက်ပျိုး၍ မရနိုင်သော အခြားမြေ ၂၆၉ ဧက၊ ထီလုံသစ်တောကြိုးဝိုင်းမြေ ၃၆၈ ဧကတို့ ပါဝင်ပါတယ်။ ရေဝပ်ဇရိယာအားလုံးသည် စိုက်ပျိုးမြေမဟုတ်ပါ။ သပုထိုကျေးရွာမှ စိစစ်ဖော်ထုတ်ရရှိသည့် လုပ်မြေ ၄၇ ဧက၊ ထီလုံကျေးရွာအုပ်စုမှ စိစစ်ဖော်ထုတ်ရရှိသည့် လုပ်မြေ ၁၁၃ ဧက စုစုပေါင်း ၁၆၀ ဧကကို လယ်ယာမြေများအဖြစ် ပြန်လည်ခွဲဝေချထားပေးနိုင်ခဲ့ပါတယ်။ ရေဘုတ်ရေလှောင်တမံ၏ ရေဝပ်ဇရိယာနှင့် ထိစပ်လျက်ရှိသည့် ထီလုံသစ်တောကြိုးဝိုင်းဇရိယာတွင် စီးပွားရေးလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ချထားပေးခြင်းမရှိပါ။ ဒေသခံတောင်သူများ ဆုံးရှုံးသွားသော မြေယာများနှင့် ပတ်သက်၍ သစ်တောကြိုးဝိုင်းဇရိယာအတွင်းရှိ ဖုန်းဆိုးတောနှင့် တောပျက်နေရာများ၊ ကျေးရွာအုပ်စုများတစ်ဝိုက်ရှိ လွတ်ကင်းသော မြေလွတ်မြေရိုင်းများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏အစီအမံဖြင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဆည်မြောင်းဦးစီးဌာနမှ သိမ်းဆည်းထားသော လက်ပံတန်းမြို့နယ်၊ မကျည်းကွင်းကျေးရွာမှ မြေဇရိယာ၏ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုမေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့ လက်ပံတန်း၊ မကျည်းကွင်းကျေးရွာမှာရှိတဲ့ တောင်သူ ဦးသိန်းမြင့်ပိုင်တဲ့လယ်ယာမြေကို မင်းလှမြို့နယ်၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်

ရေး(၉)ကနေပြီးတော့မှ သိမ်းဆည်းထားတဲ့ မြေသိမ်းဆည်းတဲ့ကိစ္စဖြစ်ပါတယ်။ အမှုဖြစ်စဉ်ကတော့ ၂၀၀၂ ခုနှစ်က ကံတင်ဘီးလင်းဆည် တည်ဆောက်စဉ်အခါက တည်ဆောက်ရေးပစ္စည်းများ၊ စက်ယန္တရားကြီးများထားဖို့ရာအတွက် ဆိုပြီးတော့မှ ခေတ္တဆိုပြီးတော့မှ သိမ်းဆည်းခဲ့တာပါ။ ဒီသိမ်းဆည်းခဲ့တာဟာ စီမံကိန်းပြီးသွားရင်တော့ ပြန်ပေးပါမယ်ဆိုပြီးတော့မှ သိမ်းဆည်းတာပါ။ ၂၀၀၂ ခုနှစ်က သိမ်းဆည်းတာ ယနေ့ဆိုလို့ရှိရင် ၁၂ နှစ်ရှိပါပြီ။ အဲ့ဒီတော့ ဦးသိန်းမြင့်တို့ပိုင်တဲ့လယ်ဧကက နှစ်ဧကခွဲရှိပါတယ်။ အဲ့ဒီ နှစ်ဧကခွဲက တစ်ဧကခွဲကိုသိမ်းလိုက်တဲ့အတွက်ကြောင့်မို့လို့ ကျန်တဲ့တစ်ဧကနဲ့ သူတို့ရဲ့မိသားစုစားဝတ်နေရေးက အင်မတန်မှ ခက်ခဲပါတယ်။ ဒီတစ်ဧကခွဲက နှစ်စဉ်ထွက်တဲ့ ပဲဆိုလို့ရှိရင် ၁၅ တင်းရှိတယ်။ စပါးဆိုလို့ရှိရင် ၁၀၀ တင်းထွက်ပါတယ်။ ဒီဥစ္စာက ၁၂ နှစ်ကာလမှာ သူတို့ရဲ့နစ်နာဆုံးရှုံးမှုက အင်မတန်မှများပြားလှပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒီကိစ္စကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းနဲ့မေးမြန်းခဲ့ပါတယ်။ မေးမြန်းခဲ့တဲ့အခါမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော်ကနေပြီးတော့မှ ကျွန်တော်တို့ ကတိတစ်ခုရပါတယ်။ အဲ့ဒီကတိကတော့ ဒေါ်သိန်းမြရဲ့လက်ထဲကို အမြန်ဆုံးပြန်ရောက်အောင် ပြန်ပြီးတော့ လွှဲပြောင်းပေးပါမယ်ဆိုတဲ့ကတိပါပဲ။ ဒါပေမယ့်လို့ ဒီနေ့ ဒသမပုံမှန်အစည်းအဝေး ပြန်လာသည်အထိဟာဆိုလို့ရှိရင် ၁၀ လရှိသွားပါပြီ။ ပြန်ပြီးတော့မှ ရရှိခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီကိစ္စကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာကတော့ ဒေါ်သိန်းမြရဲ့လက်ထဲကို သတ္တမပုံမှန်အစည်းအဝေးက ကတိပြုခဲ့တဲ့ လက်ရောက်ပြန်ပေးမယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ဘယ်လိုများစီစဉ်ဆောင်ရွက်ပေးမလဲဆိုတာကို တောင်သူ ဦးသိန်းမြင့်နှင့် ဒေါ်သိန်းမြတို့ရဲ့ကိုယ်စား ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့မေးမြန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော်

ရှင်းလင်းဖြေကြားပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ် ကံတင်ဘီးလင်း ရေလှောင်တမံ တည်ဆောက်စဉ်ကာလ လက်ပံတန်းမြို့နယ်၊ မကျည်းကွင်းကျေးရွာအုပ်စု၊ မကျည်း ကွင်းကျေးရွာ ကွင်းအမှတ်(၁၁၅၉) တောင်သူဦးသိန်းမြင့်ပိုင် လယ်မြေ ၁.၅ ဧကကို တည်ဆောက် ရေးပစ္စည်းများ၊ စက်ယန္တရားများ သိုလှောင်ထားရှိရန်အတွက် အသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်။ ကံတင်ဘီးလင်း ရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ ပေ ၁၀၀၀ ခန့်အကွာတွင်တည်ရှိသည့် အဆိုပါ မြေနေရာအား မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန်အတွက် မြေယာစီမံခန့်ခွဲရေးကော်မတီနှင့် ညှိနှိုင်း၍ ပြန်လည်စိစစ်ဆောင်ရွက်နေရခြင်း၊ ဆည်ရေသောက်စနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက် မပြတ် ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၊ ယန္တရားများထားရှိနိုင်ရန်အတွက် မဖြစ်မနေ အသုံးပြုနေရခြင်းစသည်တို့ကြောင့် လွှဲပြောင်းပေးအပ်မှု နှောင့်နှေးခဲ့ရခြင်းဖြစ်ပါတယ်။ ယခုအခါ မြေယာစီမံခန့်ခွဲရေးကော်မတီနှင့် ညှိနှိုင်းစိစစ်ဆောင်ရွက်ပြီးဖြစ်သောကြောင့် အဆိုပါမြေနေရာအား မူလ ပိုင်ရှင်ဖြစ်သည့် ဦးသိန်းမြင့်(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်သိန်းမြထံသို့ ၁၈-၆-၂၀၁၄ ရက်နေ့ တွင်အထောက်အထားများနှင့်တကွ လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လဲချားမြို့နယ်ရှိ နှစ်စဉ်ပြုပြင်ခဲ့ကြသော ဝါးဆည်များကို သစ်ရိုက်ကျောက်ဖြည့်ဆည်များအဖြစ် အဆင့် မြှင့်တင်အစားထိုးပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်၍ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ တိုင်းကျိုးပြည်ပြုမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်စဉ်ဆောက်လုပ်ပြုပြင်ပြီး လက်ရှိလည်းသုံးနေရတဲ့ လက်ရှိဝါးဆည်များက နေပြီးတော့ သစ်ရိုက်ကျောက်ဖြည့်ဆည်များဖြင့် အဆင့်မြှင့်တင် အစားထိုးပေးနိုင်ပါရန် တင်ပြအပ်ပါ တယ်။ လဲချားမြို့နယ်အတွင်းမှာရှိတဲ့ နားမန်းကျေးရွာအုပ်စု၊ ခိုဟိုင်းကျေးရွာမှာ အကျိုးပြုလယ် ဧရိယာ ၇၂ ဧက၊ ဝမ်တောက်ကျေးရွာ အကျိုးပြုလယ်ဧရိယာ ၉၈ ဧက၊ ဝမ်မိုင်ကောင်းဆန်းကျေးရွာ အကျိုးပြု လယ်ဧရိယာ ဧက ၃၀၊ ဟက်လီကျေးရွာအကျိုးပြုလယ်ဧရိယာ ၆၅ ဧကတို့ စုစုပေါင်း အကျိုးဖြစ်မယ့် လယ်ဧကအနည်းဆုံး ၂၆၅ ဧက ရရှိမှာ ဖြစ်ပါတယ်။ ကျေးရွာဆည်ဖြစ်မြောက်ရေး

ကော်မတီများလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကူညီပံ့ပိုး ပေးနိုင် မယ်ဆိုပါက ပြည်သူလူထုရဲ့ လုပ်အားနဲ့ ပေါင်းစပ်လုပ်ကိုင်သွားလိုပါကြောင်း ကျွန်တော့်ထံကို စာရေးပြီးတော့ တင်ပြလာတာရှိပါတယ်။ သို့ပါ၍ ဝန်ကြီးဌာနမှ မည်သို့မည်ပုံဆောင်ရွက်ပေးနိုင်မယ် ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်ရဲ့ မေးမြန်းချက်ကို ကျွန်တော်မှ ရှင်းလင်းဖြေကြားပါ့မယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် နားမန်းကျေးရွာ အုပ်စုအတွင်းရှိ ခိုဟိုင်းဝါးဆည်၊ ဝမ်တောက်ဝါးဆည်၊ နားကုန်းဝါးဆည်နဲ့ ဟက်လီဝါးဆည်တို့မှာ ဒေသတွင်းစပါးဖူလုံမှုရရှိစေရန် စိုက်ပျိုးရေရရှိရေးအတွက် တောင်သူများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သော ဒေသလက်ရိုက်ဝါးဆည်များဖြစ်ပါတယ်။ အဆိုပါ လက်ရိုက်ဝါးဆည် လေးခုမှ စုစုပေါင်း လယ်ယာမြေ ဧရိယာ ၂၆၅ ဧကအား အကျိုးပြုလျက်ရှိပါတယ်။ နည်းပညာအကူအညီများ မပါဘဲ ဆောင်ရွက်ထားရှိခြင်းဖြစ်သည့်အတွက် မိုးကာလတွင် ပြိုကျပျက်စီးလေ့ရှိသောကြောင့် နှစ်စဉ် ပြန်လည်ပြုပြင်တည်ဆောက်ရသောဆည်များ ဖြစ်ပါတယ်။ အဆိုပါဝါးဆည်များအား သစ်ရိုက် ကျောက်ဖြည့်ရေလွှဲဆည်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ဇလဗေဒစူးစမ်းလေ့လာ ခြင်း၊ မြေပြင်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ယခု ၂၀၁၄ ခုနှစ်၊ မိုးရာသီအတွင်း ဆည်မြောင်းဦးစီးဌာနမှ ဇလဗေဒစူးစမ်းလေ့လာခြင်းနှင့် ပွင့်လင်းရာသီရောက်ရှိသည့်အခါ မြေပြင် တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါမယ်။ အသေးစိတ်စူးစမ်းလေ့လာမှုများအရ သင့်တော် သောရေလွှဲဆည် ဒီဇိုင်းပုံစံရေးဆွဲပြီးပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင် ရေးကို ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော The Whipping Act(1909) (ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့သော The Whipping Act (1909) (ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၆-၆-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ The Whipping Act 1909 (ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူပြီးဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နဲ့ (ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၉-၆-၂၀၁၄ ရက်နေ့က ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ သတ္တုတွင်းဝန်ကြီးဌာန၊ စိတ်ပါဝင်စားသောပုဂ္ဂိုလ်များနှင့် ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ရာ အတည်ပြုချက်များ ရရှိပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါ တယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာတဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ လေ့လာ တွေ့ရှိချက်အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ) က တင်သွင်းသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၄-၁၁-၂၀၁၃ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ၂၆-၃-၂၀၁၄ ရက်နေ့၌ ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များနှင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါ သည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၂-၅-၂၀၁၄၊ ၂၃-၅-၂၀၁၄၊ ၁၀-၆-၂၀၁၄၊ ၂၅-၆-၂၀၁၄ နှင့် ၂၆-၆-၂၀၁၄ ရက် နေ့များ၌ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် သတ္တုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ၂၃ ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသင့်ပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ ၄၄ ချက်ရှိကြောင်း တင်ပြအပ်ပါသည်။

(ဂ) အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက် ၆၇ ချက်အား လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား နိုင်ငံသားလုပ်ငန်းရှင်များရဲ့ ရပ်ဆိုင်းထားရတဲ့လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ ယင်းလုပ်ငန်းအသီးသီးမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ပြည်သူများရဲ့ စားဝတ်နေမှုအဆင်ပြေစေရေး၊ နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာငွေများ တိုးတက်ရရှိစေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ ခွဲဝေပေးနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားပြီး ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့မှ စိစစ်ညှိနှိုင်းပြင်ဆင်ထားမှုအပေါ် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြ၍ ၁-၇-၂၀၁၄ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]